ကောင်းမှုဗွာကျေးရွာ

လွိုင်လင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကောင်းမှုဗွာကျေးရွာ၊လွိုင်လင်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ကောင်းမှုဗွာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်လင်မြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၄

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၅

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၆

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြိုးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄
(က) ကြိုးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၇

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့်အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၅

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၅၈

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၆၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၆၂

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များ နှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက် နှင့်

ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထား ပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက် လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကောင်းမှုဗွာကျေးရွာ

လွိုင်လင်မြို့နယ်

ကောင်းမှုဗွာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊



ရည်ညွှန်း-ကောင်းမှုဗွာကျေးရွာ၊ လွိုင်လင်မြို့နယ်တွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်း အကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ခုနှစ် ၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မိဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကောင်းမွန်ဖွာကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်အတွင်း တည်ရှိပြီး၊ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၇မိနစ် မှ ၂၀ဒီဂရီ ၅၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၂မိနစ်မှ ၉၇ဒီဂရီ ၃၈ မိနစ်အတွင်း တည်ရှိပါသည်။ လွိုင်လင်မြို့နယ်မှ မိုင်းပွန်မြို့သို့ (၂၂) မိုင် ကွာဝေးသော ကားလမ်းဖြင့် သွားရ၍၊ ၄င်းမှတဆင့် ရွာသို့ (၆) မိုင်အကွာ ကျဉ်းမြောင်းသည့် အကွေ့အကောက်များပြား ပြီး မတ်စောက်သော တောင်တက်၊ တောင်ဆင်းလမ်းအတိုင်း သွားရပါသည်။ ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ (၄၀၀၀) ကျော် တွင် တည်ရှိ၍ တောင်စောင်းပေါ်တွင် တည်ရှိပါသည်။ မြေပြန့်လွင်ပြင်ဟူ၍ မရှိသလောက်ရှားပါးပါသည်။ ရာသီဥတုမှာ စွတ်စိုသော မုတ်သုန်

ရာသီဥတုဖြစ်သည်။ အမြင့်ဆုံး အပူချိန် (၂၆) ဒီဂရီ စင်တီဂရိတ် နှင့် အနိမ့်ဆုံးအပူချိန်မှာ (-၆) ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။ မိုးရွာသွန်းမှု အနေဖြင့် မိုးရေချိန် (၅၃.၄၃) လက်မရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကမှီခိုသောကျေးရွာဖြစ်၍ လယ်မြေ ၁၂ ဧက၊ သနပ်ဖက် ၃၂၁ ဧက နှင့် အိမ်ခြံဝင်းစိုက်ခင်းမြေများပိုင်ဆိုင်ပါသည်။စိုက်ပျိုးမြေများမှာ သွင်းရေရရှိနိုင်သော အရင်းအမြစ် မရှိဘဲ မိုးရေကိုသာ အားကိုးစိုက်ပျိုးရသည်။ ရွာပတ်ဝန်းကျင်တွင် ကျောက်တောင် များရှိပြီး လမ်းခင်းရန်နှင့် အဆောက်အဦးများ ဆောက်လုပ်ရန်အတွက် အသုံးပြုနိုင်သည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စု (၅၂) စုရှိပြီးလူဦးရေ စုစုပေါင်း (၂၉၀) ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်စုလျှင် (၅-၆) ဦးအထိရှိပါသည်။ အသက် (၁၅) နှစ်မှ (၆၀) နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၀%) ရှိပြီး ၊ (၁၅)နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦရေစုစုပေါင်း(၃၀%) သည် မှီခိုသူများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာမိသားစုများ၏ အဓိကဝင်ငွေရလုပ်ငန်းများမှာ သနပ်ဖက်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ကို ကျေးရွာသူရွာသားများကိုယ်တိုင်သတ်မှတ်သည်မှာ ချောင်လည်အဆင့်မိသားစု (၁၉%)၊ အလယ်အလတ်အဆင့် (၂၇%)၊ ဆင်းရဲအဆင့်(၃၇%)နှင့် အလွန်ဆင်းရဲအဆင့် (၁၇%) ဖြစ်ပါသည်။ ဥစ္စာဓနအဆင့်ခွဲခြားမှု အား မြေယာပိုင်ဆိုင်မှုဖြင့်အဓိကတိုင်းတားနိုင်ပါသည်။ အိမ်ထောင်စု (၅၂) စု၏ ၁၇ % ခန့်သည် ယာ (၂)ဧက အောက်ပိုင်ဆိုင်သော သူများဖြစ်ကြပါသည်။ ၃၇ % ခန့်မှာ အသင့်အတင့်ရှိသည်ဟု ဆုံးဖြတ်ကြပါသည်။ ၄င်းမိသားစုများသည် စိုက်ပျိုးမြေ (၅) ဧက အထိ ပိုင်ဆိုင်သူများဖြစ်ပြီး (၂၇%) မှာ ချောင်လည်သော မိသားစုများဖြစ်ပြီး၊ စိုက်ပျိုးမြေ (၁၂.၅) ဧက အထိ ပိုင်ဆိုင်သူများသည် (၁၉%) ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်မိသားစု(၂၈)စုတို့၏ ဝမ်းစာဖူလုံမှုကို စစ်တမ်းကောက်ယူကြည့်ရာ (၃၂%) သောမိသားစုများသည် သုံးလအောက်သာ ဝမ်းစာကို အချေးအငှားဘဲစားသောက်နိုင်ပြီး၊ (၂၉%)သောအိမ်ထောင်စုများမှာ သုံးလမှငါးလအထိဖူလုံပြီး (၃၉%)သောမိသားစုများမှာ ခြောက်လမှ တစ်ဆယ့်နှစ်လအထိဖူလုံပါသည်။ သီးနှံစိုက်ပျိုးရေးတွင် ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲမှု၊ သစ်တော ပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားမှုမှာ ကျေးရွာအတွက် ထိခိုက်လာနိုင်မည့် အန္တရာယ်များပင်ဖြစ်ပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရောဂါကြီးကြီးမားမားဖြစ်ပွားမှုမရှိပါ။ ရာသီတုပ်ကွေးများသာ ဖြစ်ပွားတတ်ကြပြီး ဆီးချို ရောဂါဖြစ်ပွားသူ လူကြီး အနည်းငယ်သာရှိပါသည်။ ကျန်းမာရေးပြဿနာ ကြီးကြီးမားမားမရှိသော်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာ စားသုံးရေး၊ အရက်သေစာ

သောက်သုံးခြင်း၏ အန္တရာယ်စသည်တို့ဆိုင်ရာ အခြေခံကျန်းမာရေး အသိများ တိုးပွားရန်လိုအပ်မည်ဟု ကျေးရွာလူထု၏ နေထိုင်မှုပုံစံများကို လေ့လာခြင်းဖြင့်သိရပါသည်။

(ငါ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကောင်းမှုဗွာကျေးရွာတွင် လုံးဝစာမတတ်သူဦးရေမှာ ကျေးရွာ လူဦးရေ၏ ၂၄%ရှိပြီး အများစုမှာ အမျိုးသမီးများ ဖြစ်ပါသည်။ ယခင်က အမျိုးသမီးအများစုမှာ ပညာသင်ကြားခြင်း မရှိကြဘဲ အိမ်မှုကိစ္စများ ဖြင့်သာ အချိန်ကုန်ခဲ့ကြပါသည်။ မူလတန်းပညာပြီးဆုံးအောင်သင်ယူမှု ၂၆% သာရှိ၍ အလယ်တန်းပညာ ပြီးဆုံးသည့် ရာခိုင်နှုန်းမှာ ၃၈% ရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာ၏ စုစုပေါင်းစာမတတ်သူလူဦးရေအားလုံးအနက် ၉၁ % မှာ အမျိုးသမီးများဖြစ်ပါသည်။ အမျိုးသမီးများအတွက် ပညာသင်ကြားနိုင်ရေးကို အလေးထားမှုနည်းနေသေးသည်ကို တွေ့ရပါသည်။ ကျေးရွာတွင်းအဖွဲ့အစည်းအသီးသီးတွင် အမျိုးသမီးပါဝင်မှုမရှိပါ။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အမျိုးသမီးများမှာ အမျိုးသားများနှင့်တန်းတူ လယ်ယာအလုပ်ကိုလုပ်ကိုင်ကြပါသည်။

(ဃ) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်း၌ အုပ်ချုပ်ရေးအဖွဲ့၊ သာရေးနာရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီ၊ ကျန်းမာရေးကော်မတီတို့ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများကို အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့များက အဓိက ဦးဆောင်ပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာသနပ်ဖက်ဖြစ်ပါသည်။ အစားထိုးသီးနှံအနေဖြင့် သနပ်ဖက်ကို စိုက်ပျိုးလာသည်မှာ နှစ်နှစ်ခန့်ရှိပြီး ဖြစ်ပါသည်။ အခြားသီးနှံဖြစ်သော ပြောင်း၊ ဆန္ဒင်း၊ ပဲကြီး၊ ဂျင်း စသည်တို့ကို သီးညှပ်အဖြစ် သနပ်ဖက်ခြံထဲတွင် စိုက်ပျိုးကြပါသည်။ ပြောင်းကို ရောင်းချရန် ယခုနှစ်မှစ၍ စိုက်ပျိုးခြင်းဖြစ်ပါသည် ဆန္ဒင်းကို အိမ်စားသုံးရန်အတွက် စိုက်ပျိုးခြင်းဖြစ်ပြီး၊ ပဲကြီးအနည်းငယ် ရောင်းချရန် သီးညှပ်အဖြစ်စိုက်ပျိုးခြင်း ဖြစ်သည်။ လယ်စိုက်ပျိုးခြင်းကို အိမ်ထောင်စု(၃) စုက လုပ်ကိုင်ပြီး (၁၂) ဧကသာ စိုက်ပျိုးလုပ်ကိုင်ပါသည်။ ရွာမှ (၆) မိုင်ခန့်ဝေးသော မိုင်းပွန်ကျေးရွာရှိ ကိုယ်ပိုင်လယ်မြေ များတွင် သွားရောက်လုပ်ကိုင်ကြခြင်း ဖြစ်သည်။ ရွာအတွင်းရှိ အိမ်ထောင်စုတိုင်းသည် မြေယာပိုင်ဆိုင်မှု ရှိကြပြီး သနပ်ဖက်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပသည်။ အများစုမှာ အိမ်ထောင်စုတစ်စုတွက် အိမ်ခြံဝင်း တစ်ဝင်းတွင် သနပ်ဖက်ခြံဖြင့် တွဲလျက်နေထိုင်ကြပါသည်။

ကျွဲ၊နွား၊ဝက်စသည်တို့ကို ဝင်ငွေရလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် စားကျက်နှင့် တိရစ္ဆာန်အစာရရှိ နိုင်မှု၊ ရာသီ ဥတုအခြေအနေပေးမှုစသည့်အခြေအနေကောင်းများရှိပါသည်။ သို့သော် ရိုးရာဓလေ့ထုံးစံ အဟန့်အတား၊ အခြား အလွယ်ရဝင်ငွေရလုပ်ငန်းများ ရှိနေခြင်းကြောင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်မှု မရှိသလောက်နည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာသူရွာသား အနည်းငယ်သာ လက်သမား၊ ပန်းရံလုပ်ငန်း၊ ထိုင်းနိုင်ငံသို့ ရွှေပြောင်းလုပ်သား လုပ်ကိုင်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အခြားဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေမှု မရှိသလောက် နည်းပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

သနပ်ဖက်အဓိက စိုက်ပျိုး၍ သစ်တောများ တဖြည်းဖြည်း ပြုန်းတီးလာသောကြောင့် ကျေးရွာနှင့် ၃ မိုင် ခန့်ဝေးသော နေရာကို ကျေးရွာပိုင် သစ်တော ၁၀ ဧက အဖြစ် ပအို့အမျိုးသားအဖွဲ့(PNO) အဖွဲ့အစည်းမှ သတ်မှတ်ထားပေး ပါသည်။ ကျေးရွာအနီးတွင်ရှိသော သစ်တောများကို တစ်အိမ်ထောင်စု (၁) ဧကနှုန်းဖြင့် တိုင်းတာပြီး ခွဲဝေ ပေးထားပါသည်။ ၄င်းသစ်တောမှ ထင်းများကို အိမ်သုံးနှင့် သနပ်ဖက်ပြုလုပ်ရာတွင် အသုံးပြုကြပါသည်။ သစ်တောကိုအဓိကမှီခိုး၍ လုပ်ကိုင်ကြရသောကြောင့် မကြာခဏ အငြင်းပွားမှုများ ဖြစ်သဖြင့် PNO အဖွဲ့အစည်း မှ သစ်တောမြေနေရာ သတ်မှတ်ပေးထားခြင်း ဖြစ်ပါသည်။ မြေဆီလွှာပျက်ယွင်းမှု မှာ ထိခိုက်လွယ်မှု ဖြစ်နိုင်သည်။ ကျေးရွာ၏ စိုက်ပျိုးမြေများမှာ ပေ ၄၀၀၀ ကျော် မြင့်သော တောင်စောင်းတွင် စိုက်ပျိုးလုပ်ကိုင်ကြရသောကြောင့် မြေဆီလွှာရေတိုက်စားခံရပြီး ပျက်စီးလျက်ရှိပါသည်။ တောင်စောင်း လှေကားထစ် စိုက်ပျိုးခြင်း ပြုလုပ်ပါက မြေဆီလွှာပျက်စီးမှု ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ပြုလုပ်ရန် နည်းစနစ်များ လိုအပ်ပါသည်။

မီးဘေးအန္တရာယ် မှာ သဘာဝသစ်တောမှ နွေရာသီတောမီးလောင်ခြင်းကို နှစ်စဉ်ကြုံတွေ့ရနိုင်သော်လည်း ကျေးရွာမှ တစ်အိမ်ထောင်စုချင်းစီ ကာကွယ်ကြပါသည်။ မုန်တိုင်းနှင့်ငလျင် ဖြစ်နိုင်သည့် အခြေအနေမှာ နည်းပါးသည့် အနေအထားရှိပါသည်။ ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ ၄၄၄၇ တွင် တည်ရှိပြီး ထုံးကျောက်ဒေသဖြစ်၍လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်း နှင့် မြေငလျင်လှုပ်မှုများ ပေါ်ပေါက်လာနိုင်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်သည် ၂၀၁၄ ခုနှစ် မှစ၍ ပုံစံ (၇) ရှိသော တောင်သူများအတွက်သာ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခြင်းကြောင့် ကျေးရွာရှိ တောင်သူများမှာ ချေးငွေမရရှိတော့ပေ။ မြို့နယ်သမဝါယမဦးစီး ဌာနအနေဖြင့် ယခုနှစ်မှစ၍ ကျေးရွာ၌ သမဝယမအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး ပြုလုပ်နိုင်ရန်အတွက် ငွေထုတ်ချေးခဲ့ပါသည်။ ချေးငွေကာလမှာ (၆) လဖြစ်ပြီး ဇူလိုင်လတွင် စတင်ထုတ်ချေးပေးခဲ့ပါသည်။ တစ်အိမ်ထောင်စုလျှင် (၁၀၀၀၀၀) ကျပ်နှုန်းဖြင့် ဦးဆောင်ကော်မတီ (၁၁) ဦးအပါအဝင် အဖွဲ့ဝင် (၅၈) ဦးအား ထုတ်ချေးပေးခဲ့ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အမျိုးသားများမှာ စာမတတ်သူ (၄) ဦးသာရှိပြီး ဘုန်းကြီးကျောင်းပညာရေး အနည်းငယ် ရှိကြပါ သည်။ အများစုမှာ မူလတန်းနှင့် အလယ်တန်း ပညာတတ်မြောက်ကြပါသည်။ အထက်တန်းပညာပြီးဆုံးသူ (၅) ဦးရှိပြီး ၊ တက္ကသိုလ်ပညာ ပြီးဆုံးသူ(၁) ဦးရှိကာ အမျိုးသားများသာ ဖြစ်ကြပါသည်။ အလယ်တန်းအထိ ပညာသင်ကြားနိုင်ကြပြီး လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ ငွေကြေးအခက်အခဲတို့ကြောင့်

အထက်တန်းပညာမသင်ကြားနိုင်ခြင်းဖြစ်ပါသည်။ အထက်တန်းပညာပြီးဆုံးသူ (၅)ဦးနှင့် တက္ကသိုလ်ပညာပြီးဆုံးသူ(၁) ဦးရှိပါသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကြီးကြပ်-၂ တစ်ဦးနှင့် သားဖွားဆရာမ(၁)ဦးရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုရရှိသော်လည်း ကျန်းမာရေးပညာပေးများ ပြုလုပ်ရန်လိုအပ်လျက်ရှိပါသည်။ ကိုယ်ဝန်ဆောင် မိခင်နှင့် (၁) နှစ်အောက်ကလေးကာကွယ်ဆေးများ လစဉ်ထိုးနှံပေးပါသည်။

သဘာဝရေထွက် (၂) ခုရှိပြီး ရွာမှ (၁) မိုင်ခန့်ဝေးသော ရွာ၏အရှေ့ဘက် ချောင်းရေနှင့် ရွာ၏အနောက်မြောက်ဖက် မက်ခမ်ဝမ်းရေထွက်မှရေကို သွားရောက်ခပ်ယူ သုံးစွဲကြရပါသည်။မိုးရာသီနှင့် ဆောင်းရာသီတွင် လုံလောက်စွာရရှိသော်လည်း နွေရာသီတွင် လုံလောက်မှုမရှိပါ။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူမှုရေးလုပ်ငန်းများအနေဖြင့် ကျေးရွာသာရေးနာရေးတွင်လူကြီးအဖွဲ့များနှင့်ပါဝင်ကူညီဆောင်ရွက်ပေးကြပါသည်။ ဘာသာရေးလုပ်ငန်းများအနေဖြင့် တန်ခူးလတွင် ဘုန်းကြီးကျောင်းတက်ပြီး ဘေးအန်္တရာယ်ကျေးရွာနှင့် မြို့ပေါ်ဘုန်းကြီးကျောင်းတွင် သွားရောက်ကန်တော့ကြပါသည်။ စည်းလုံးမှုရှိပြီး ရိုးရာယဉ်ကျေးမှုထိန်းသိမ်းကြပါသည်။ ကျေးရွာအတွင်း၌ စာကြည့်တိုက်မရှိပါ။ အင်တာနက်အသုံးပြုသူနည်း၊ ဂျာနယ်ဖတ်သော အလေ့အကျင့်မရှိပါ။ မြန်မာစာဖတ်အားနည်းပြီး စာပေလေ့လာမှု အားနည်းပါသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်မှီးအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာချင်းဆက်လမ်းမှာ တောင်များကြားမှ ပတ်၍ ဖောက်လုပ်ထားခြင်းကြောင့် ရွာမှ မိုင်းပွန်ကျေးရွာအထိ (၁၄)မိုင်ခန့် ရှည်လျားပါသည်။ ထိုလမ်းမှာ ရွာမှ ထွက်ရှိသော သနပ်ဖက် နှင့် အခြားကုန်စည်များကူးသန်းရောင်းဝယ်သည့် လမ်းဖြစ်ပြီး အခြားကျေးရွာများမှလည်း အသုံးပြုပါသည်။ ထို့ကြောင့် လမ်းမှာပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။ အဖွဲ့အစည်းတစ်ခုမှလည်း လမ်းပေအရှည်ကို လာရောက် တိုင်းတာပြီးဖြစ်ပါသည်။ရွာလယ်တွင် တံတားငယ် (၁) စင်းရှိပြီး (၇ပေx၈ပေx၃ပေ) ရှိပါသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အသုံးပြုကြပါသည်။ ကား၊ ထော်လာဂျီများ ဖြတ်သန်းသွားလာလျက်ရှိပြီး အခြားရွာမှလည်း အသုံးပြုကြပါသည်။ တံတားမှာ သစ်သားတံတားဖြစ်ပြီး မိုးရာသီတွင် ရေတိုက်စားသဖြင့် အောက်ခြေမှာ ခိုင်ခန့်မှုမရှိပါ။ ထို့ကြောင့်ပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။မြို့သို့သွားရန် ဆိုင်ကယ်များ အလုံအလောက်ရှိပြီး ကုန်စည်များသယ်ယူရန် ထော်လာဂျီများ အသုံးပြုကြပါသည်။ လိုအပ်ပါက မိုင်းပွန်မှ ကားများကို အလွယ်တကူ ငှားရမ်းအသုံးပြုနိုင်ပါသည်။

အိမ်တိုင်း၌ ဆိုလာမီးများကို အသုံးပြုကြပါသည်။ ယခုနှစ်တွင် ကျေးလက်ဦးစီးဌာနမှ လျှပ်စစ်မီးရရှိရေးအတွက် လာရောက်ဆွေးနွေးပြီးဖြစ်ပါသည်။ ကျေးရွာတွင်တယ်လီဖုန်းဆက်သွယ်ရေး ကွန်ယက်အနေဖြင့် CDMA နှင့် GSM ဖုန်းလိုင်းကို သုံးစွဲနိုင်ပြီဖြစ်ပါသည်။ အိမ်အနည်းစုမှာ တီဗွီများရှိ၍ သတင်းစာနှင့် ဂျာနယ်ရောက်ရှိမှုမှာ နည်းပါးပါသည်။ ကျေးရွာစာကြည့်တိုက်မရှိသဖြင့် သတင်းစာနှင့် ဂျာနယ်ဖတ်သည့် အလေ့အကျင့် မရှိကြပါ။ စာပေလေ့လာမှု အားနည်းနေသေးပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာအတွင်းတွင်မှုခင်းဖြစ်ပွားမှုကြိုးကြီးမားမားမရှိပါ။ကျေးရွာအတွင်း ရဲစခန်းမရှိပါ။ ရာဇဝတ်မှုများ မရှိသလောက် ဖြစ်ပြီး၊ ဖြစ်ပွားပါကလည်း ကျေးရွာနှင့် (၁၂) မိုင် အကွာတွင် ရှိသော ပင်လုံရဲစခန်းသို့ ဆက်သွယ်ကြပါသည်။ ပအိုလ်ဒေသဦးစီးအဖွဲ့ ဆက်သွယ်ဆောင်ရွက်ရုံးနှင့် နီးပါသည်။ လူငယ်များအတွက် မူယစ်ဆေးသုံးစွဲခြင်း ကြဲတွေ့ရန် အခွင့်အလမ်းပိုများနိုင်ပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်း မှာ ကျေးရွာလူဦးရေ၏ (၇၀) ရာခိုင်နှုန်း ရှိပြီး၊ စာတတ်မြောက်သူဦးရေ (၈၆)ရာခိုင်နှုန်းရှိသောကြောင့် လာမည့်အနာဂတ်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သော လူစွမ်းအားအရင်းအမြစ်များရှိပါသည်။

သီးနှံစိုက်ပျိုးရေးအတွက် ကောင်းမွန်သော မိုးရွာသွန်းမှုပုံစံရှိခြင်း၊ သီးနှံစုံဖြစ်ထွန်းနိုင်သော အပူချိန်စသည့် ရာသီဥတုအခြေအနေကောင်းများရှိခြင်းကြောင့် ဈေးကွက်ဝင်သီးနှံစုံ (ဥပမာ – စက်မှုသီးနှံ၊ သစ်သီးပင်များ၊ ဟင်းသီးဟင်းရွက်များ စသည်) စိုက်ပျိုးထုတ်လုပ်နိုင်သော အလားအလာကောင်းများ ရှိပါသည်။

ကျေးရွာပတ်ဝန်းကျင်တွင် ကုန်းမြင့် ယာမြေနှင့် ဥယျာဉ်ခြံများစိုက်ပျိုးနိုင်မည့် မြေသယံဇာတများရှိခြင်း၊ စားကျက်မြေအဖြစ် အသုံးပြုနိုင်သည့် သဘာဝသစ်တောမြေများရှိခြင်းကြောင့် သီးနှံထုတ်လုပ်ရေးနှင့် တိရစ္ဆာန်မွေးမြူရေးတို့ တိုးတက်လုပ်ကိုင်ရန် အခြေအနေကောင်းများပင်ဖြစ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင်းတွင်တည်ရှိသည့် ကျေးရွာဖြစ်သည့်အတွက် ဒေသအနေအထား အရ ကျယ်ပြန့်သော ဈေးကွက်သို့ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကောင်းများအား လက်လှမ်းမီမှု ကောင်းမွန်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဒေသတွင်းတည်ငြိမ်းအေးချမ်းမှုမရှိခြင်းမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် အဟန့်အတားတစ်ခုပင်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုမရှိခြင်း၏ အကျိုးဆက်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ်များ၊ တရားဥပဒေစိုးမိုးမှုများစသည့် အားနည်းချက်များရင်ဆိုင်ရလျက်ရှိပါသည်။

မြန်မာဘာသာစကားနှင့် စာပေတတ်မြောက်မှု အားနည်းခြင်းသည်လည်း ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ရန်အတွက် အခက်အခဲတစ်ခုဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ရေရှည်ဆောင်ရွက်မည့်၊ တာဝန်ခံမှုရှိသည့် အဖွဲ့အစည်းစနစ်များ ဖွံ့ဖြိုးတိုးတက် ဖြစ်ပေါ်လာရန် အကူအညီများ စဉ်ဆက်မပြတ်ရရှိရန်လိုအပ်ပါသည်။ ထို့အပြင် ရေရှည်အတွက် မတည်မြဲနိုင်သော ဝင်ငွေရလုပ်ငန်းများ၏ ဆွဲဆောင်မှုများ၏ လွှမ်းမိုးမှုကြောင့် ကျေးရွာလူထုသည် ရေရှည်တံ့သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေးအတွက် အလေးထားရန်လိုအပ်လျက်ရှိပါသည်။

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များ ချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကွင်းဆင်း ဆောင်ရွက်သောအဖွဲ့နှင့် တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေရလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရေး၊

(၂) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်သော ကျေးရွာ ဖြစ်လာရေး

(၃) ကျေးရွာသူရွာသားများ၏ ပညာတတ်မြောက်မှုများ တိုးတက်လာပြီး စီးပွားရှာဖွေနိုင်စွမ်းမြင့်မားလာအောင်ဆောင်ရွက်ရေး

(ခ) နည်းဗျူဟာ

(၁) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှ နည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့၊ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကိုခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ဒေသရာသီဥတုနှင့် ကိုက်ညီသည်. စိုက်ပျိုးနိုင်သော နှစ်ရှည်သီးပင်များဖြစ်သည့် သံပုရာ၊ ကော်ဖီ၊ ထောပတ်၊ သစ်မွေး၊ မက်မန်း ကဲ့သို့သော သီးပင်များကို စိုက်ပျိုးလုပ်ဆောင်ရာတွင် မျိုးကောင်း မျိုးသန့်များရရှိ၍ တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး စိုက်ပျိုး ရေးကဏ္ဍမှ ကုန်ကြမ်းများကို ကုန်ချောအဆင့်သို့ မြှင့်တင်နိုင်ရန် နည်းပညာနှင့် ဗဟုသုတများ ကိုရယူ၍ အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရန် လုပ်ဆောင်သွားမည် ဖြစ်သည်။ ထို့အပြင် ကျွဲ၊ နွားတိရိစ္ဆာန် တိုးပွားလာစေရန် ရေရှည် စီမံချက်များချမှတ် အကောင် အထည်ဖော်သွားမည်ဖြစ်သည်။ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇီဝမျိုးစိတ် များ ကာကွယ်ထိန်းသိမ်းခြင်း နှင့် စနစ်တကျ အမှိုက်စွန့်ပစ်မှု တို့ကို အားပေးမှုများ လုပ်ဆောင် သွားပါမည်။

(၃) ကျေးရွာမှ ဈေးကွက်သို့ ဆက်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် တာရှည်ခံနိုင်သော ကျေးရွာ လမ်း၊ တံတားများကို ဖောက်လုပ်ပေးနိုင်ရန် သက်ဆိုင်ရာ ဌာနဆိုင်ရာ များနှင့် ချိတ်ဆက်ဆောင် ရွက်သွားမည် ဖြစ်ပါသည်။

(၄) သက်ဆိုင်ရာဌာနများ၏ အကူအညီကိုရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကြောင်းပညာများ တိုးတက်လာရေးအတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားသက်ဆိုင်ရာကော်မတီတို့ ပူးပေါင်းရေးဆွဲအကောင်အထည် ဖော်ပါမည်။

(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးရေး

ဘိန်းအစားထိုးသီးနှံအဖြစ် ပြောင်း၊ ဂျုံး(ချုံး)၊ နန္တင်း၊ဂေါ်ရခါး၊ထောပတ်၊သရက်၊ လိမ္မော်ကဲ့သို့သော သီးနှံများကို စိုက်ပျိုးနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ကုန်ကျစရိတ်မြင့်တက်ခြင်း၊ စိုက်ပျိုးရေအလုံအလောက်ရရှိရန်ခက်ခဲခြင်း၊ ပြည်တွင်း ဈေးကွက် တွင်သာ ရောင်းချနိုင်ပြီး ပြည်ပဈေးကွက်နှင့် မချိတ်ဆက်နိုင်ခြင်း တို့ကြောင့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးသည် စီးပွားရေးအရ တွက်ခြေမကိုက်ကြောင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး အောင်မြင်ရန်အတွက် ငွေကြေးအရင်းအနှီး လွယ်ကူစွာ ရရှိနိုင်ရန်၊ နည်းပညာပိုင်း ဆိုင်ရာ အကြံဉာဏ်များ ပေးအပ်ရန်နှင့် စိုက်ပျိုးသီးနှံကို ရောင်းချနိုင်မည့် ဈေးကွက်ရှာဖွေပေးရန်ကဲ့သို့သော အချက်များကိုထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ စိုက်ပျိုးရာ၌ ရာသီဥတုနှင့် အဖျက်ပိုးမွှားများကိုကာကွယ်နိုင်ရန် ဒေသခံစိုက်ပျိုးသူများကို စိုက်ပျိုးနည်း ဆိုင်ရာ ပညာပေးသင်တန်းများ ပို့ချပေးသင့်ပါသည်။ ဘိန်းစိုက်တောင်သူများ စားနပ်ရိက္ခာဖူလုံမှုရှိမှ ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်မည် ဖြစ်ပါသည်။

ဘိန်းစိုက်ခင်းများ ဖျက်ဆီးခံရသည့်အတွက် ဘိန်းစိုက် တောင်သူများ၏ စားနပ်ရိက္ခာနှင့်အသက်မွေးဝမ်းကျောင်းမှုဖူလုံရေး၊ ဆင်းရဲမွဲတေမှု လျော့ချရေး၊ ကျန်းမာရေးနှင့်အာဟာရ ချို့တဲ့မှုမရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာသစ်ဖော်ထုတ်ရေး တို့ကိုရည်ရွယ်ပြီး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဂ) ဒေသတွင်းငြိမ်အေးချမ်းရေး

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးမဟုတ်သော အဖွဲ့အစည်းများကလည်း ရေရှည်ဖွံ့ဖြိုးရေး အစီအစဉ် ကောင်းများဖြင့် ပါဝင်နိုင်အောင် စီစဉ်ပေးရမည်ဖြစ်ပါသည်။ ထို့အပြင် အစိုးရနှင့် ငြိမ်းချမ်းရေး တည်ဆောက်ထားသော တိုင်းရင်းသားလက်နက်ကိုင်များ၏ ရပ်တည်ရေးလည်း စဉ်းစားပေးရမည်ဖြစ်

သည်။ ဘိန်းအစားထိုးဈေးကွက်ဝင် စိုက်ပျိုးရေးများသည် ဒေသနှင့် ကိုက်ညီပြီး ပြည်တွင်းပြည်ပဈေးကွက်နှင့် ချိတ်ဆက် နိုင်အောင်လည်း အစိုးရပိုင်းမှ စီစဉ်ပေးရမည်ဖြစ်သည်။

ယခုကဲ့သို့ဆောင်ရွက်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်လျှင်မြန်စွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ရေရှည်တည်တံ့မည့် စီမံကိန်းများ ဖြစ်ရန်လည်းလိုအပ်ပါသည်။ ဘိန်းစိုက်ပျိုးမှုသည် တိုင်းရင်းသားလက်နက်ကိုင်တပ်များ အခြေပြုလှုပ်ရှားရာ နယ်မြေများတွင် အဓိကအရင်းအမြစ်တည်ရှိနေသောကြောင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်၍ တရားဥပဒေ စိုးမိုးနိုင်မှသာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ အမှန်တကယ် ထိရောက်နိုင်မည်ဖြစ်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာလူထုအတွက် စီမံအုပ်ချုပ်မှု၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျွန်တော်တို့ကျေးရွာအတွက် အကျိုးဖြစ်ထွန်းစေမည့် အသေးစားလုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင် ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

(ဈ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင်အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်** ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက် နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ် အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	စီမံချက်အကြောင်းအရာဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေး ကဏ္ဍ			
	• သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက်စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများရရှိအောင်ဆောင်ရွက်ခြင်း	• ဈေးကွက်ဝင်သီးနှံများတိုးတက်စိုက်ပျိုးနိုင်အောင်ဆောင်ရွက်ခြင်း • မြေဆီလွှာထိန်းသိမ်းနည်းပညာများ ရရှိအောင်ဆောင်ရွက်ခြင်း • ဈေးကွက်နှင့်ပက်သက်သော အချက်အလက်များ ဖြန့်ဝေပေးနိုင်မည့် နည်းပညာပေးအဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ • သွင်းအားစုများလက်လှမ်းမီရေး(ငွေအရင်းအနှီး၊ပစ္စည်း၊နည်းပညာ)	
ပညာရေး			
ကလေးပညာရေး ဖွံ့ဖြိုးရေး	• ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး	• မိဘဆရာအသင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှဦးဆောင်၍ကျေးရွာမှ ငွေကြေးကောက်ခံရန်။ • ကျောင်းသောက်သုံးရေ လှောင်ကန် • ကျောင်းခြံစည်းရိုး • ကျောင်းဝန်ထမ်းအိမ်ယာ • ပညာရေးကော်မတီဖွဲ့စည်းပြီးအောင်နှုန်းမြင့်မားရေးလုပ်ဆောင်ရန်	•
လမ်းပန်းဆက်သွယ်ရေး			
လမ်း၊တံတားကောင်းမွန်လာစေရေး	• အခြေခံအဆောက်အဦးတိုးတက်ကောင်းမွန်စေရေး	• လမ်း၊တံတားကော်မတီဖွဲ့ စည်းခြင်း။ • လမ်း၊ တံတားပြုပြင်ခြင်း။ • ရွာလယ်လမ်းပြုပြင်ခြင်း (၄၀၀၀ပေ) • ကျောင်းလှေကားထစ် (တောင်စောင်းလမ်း) • ရေသွယ်ယူခြင်းစိမ့်စမ်းရေ (၅)မိုင် • ရွာလယ်ရေပြွန်(၁)နေရာ	• ကျေးလက်/ဦးစီး
ကျန်းမာရေး			
ကျန်းမာရေး တိုးတက်လာစေရေး	ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး	• ရေသွယ်ယူခြင်းစိမ့်စမ်းရေ (၅)မိုင် • ကျန်းမာရေး ဝန်ထမ်းများ တောင်းခံခြင်းအတွက် တင်ပြခြင်း။ • ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	•

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	စီမံချက်အကြောင်းအရာဖော်ပြချက်	မှတ်ချက်
အခြားဝင်ငွေရ လုပ်ငန်းများ			
သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း	အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး	• စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရန် ရင်းနှီးမြုပ်နှံသူများနှင့် ဆက်သွယ်ခြင်း။ • အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းပေးခြင်း။ • အသေးစားကုန် ထုတ်လုပ်သူများအဖွဲ့ ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော်ရေး။ • ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး။ • ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်း နှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်း။ • အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ခြင်း။	•
တိရစ္ဆာန် မွေးမြူရေး			
ဈေးကွက်နှင့် နည်းပညာ သင်တန်း	အသေးစားနှင့်စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ တိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရန်	• နည်းပညာဝန်ဆောင်မှုနှင့်ငွေကြေးအရင်းအနှီးဆိုင်ရာ ဝန်ဆောင်မှုများသို့လက်လှမ်းမီအောင်ဆောင်ရွက်ခြင်းဖြင့် မွေးမြူရေး ထွက်ကုန် မြင့်မားစေခြင်း။ • တိရစ္ဆာန်မွေးမြူရေးထုတ်ကုန်များအတွက် ကျယ်ပြန့်သောလုပ် ဆောင်ခြင်း။	•
အုပ်ချုပ်ရေးကဏ္ဍ			
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး။	• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း	• ကျေးလက်/ဦးစီး

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	စီမံချက်အကြောင်းအရာဖော်ပြချက်	မှတ်ချက်
လူငယ်/ယဉ်ကျေးမှုနှင့်အားကစား			
လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာစေရေး	လူငယ်များအားစွမ်းဆောင်ရည်တိုးတက်ရေး ဆောင်ရွက်ခြင်း	• လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ခြင်း	• ကျေးလက်/ဦးစီး

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး	၁	✔	✔	✔		
၂	ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး	၂	✔				
၃	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး	၃		✔			
၄	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၄	✔	✔			
၅	အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး	၅	✔	✔	✔	✔	✔
၆	အသေးစားနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ တိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရေး	၆	✔	✔	✔	✔	✔
၇	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။	၇	✔				
၈	လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး	၈	✔	✔	✔		

(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ

ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး					
၂	ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး					
၃	ပို့ဆောင်ရေး အခြေခံအဆောက်အဦများ တိုးတက်လာစေရေး					
၄	ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး					
၅	အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး					
၆	အသေးစားနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရေး					
၇	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။					
၈	လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီး အားတာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်း ကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦး ဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်း ကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်တီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(ဃ) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress)တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါ မည်။ စာမျက်နှာ (၂-၃)ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့် စုံမှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့ အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။ နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကို လည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

(၁.၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၂	၂	၄	၁.၄%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၁၄	၁၆	၃၀	၁၀%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၈	၁၀	၁၈	၆.၂%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၉	၂၀	၂၉	၁၀%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၉၄	၁၀၈	၂၀၂	၇၀%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၂	၅	၇	၂.၄%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၁၂၉**	**၁၆၁**	**၂၉၀**	**၁၀၀%**	
အိမ်ထောင်စုပေါင်း (၅၂)			**တစ်အိမ်ထောင်စုပျှမ်းမျှလူဦးရေ (၅-၆)ဦး**		

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်း အချက်အလက်များ (၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

ကောင်းမွှေကျေးရွာတွင် နေထိုင်သော အိမ်ထောင်စု (၅၂)စုရှိပြီးလူဦးရေ စုစုပေါင်း (၂၉၀)ဦး ရှိပါသည်။ ပျှမ်းမျှတစ်အိမ်ထောင်စုလျှင် (၅-၆) ဦးအထိရှိပါသည်။ အသက် (၁၅) နှစ်မှ (၆၀) နှစ်အထိ အလုပ်လုပ်နိုင် သော လူဦးရေမှာ (၇၀%) ရှိပြီး ၊ (၁၅)နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦရေစုစု ပေါင်း(၃၀%) သည် မှီခိုသူများ ဖြစ်ကြပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၅၁	၉၈.၁%		လယ်ယာလုပ်ငန်း(၃)အိမ်၊ သနပ်ဖက်စိုက်ပျိုးရေး(၄၈) အိမ်
	လုပ်သား(အငှား၊ဝန်ထမ်း)			၁၀	ကျပန်းလုပ်သား(သနပ်ဖက်စိုက်ပျိုးရေးနှင့်တွဲဖက်၍လုပ်ကိုင်)
	မိသားစုဝင် လုပ်အား				
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)			၆	သနပ်ဖက်စိုက်ပျိုးရေးနှင့်တွဲဖက်၍ လုပ်ကိုင်
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၉%		အိမ်ဈေးဆိုင်(၁)ဆိုင်သာရှိပြီး ကုန်ခြောက်နှင့်မုန့်မျိုးစုံ ရောင်းသည်။
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁၁	*ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၂	*ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၃	*ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၄	*အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၅	*ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် သေးကင်းလုံခြုံရေး)*				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၆	*ပညာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၇	*ကျန်းမာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၈	*လူမှုရေး လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၉	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၂၀	*ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၅၂	၁၀၀ %	၁၆	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာ၌ လယ်လုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု (၃) စု သာ ရှိပြီး ရွာမှ (၆) မိုင်ခန့်ဝေးသော မိုင်းပွန် ကျေးရွာရှိ ကိုယ်ပိုင်လယ်မြေများတွင် သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်သည်။ ရွာအတွင်းရှိ အိမ်ထောင်စု တိုင်းသည် မြေယာပိုင်ဆိုင်မှုရှိကြပြီး သနပ်ဖက်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ လက်သမားအသင့် အတင့် လုပ်ကိုင်နိုင်သူ (၆) ဦးရှိပြီး သနပ်ဖက်လုပ်ငန်းပြီးဆုံးချိန်တွင် လုပ်ကိုင်ကြသည်။ လုပ်ငန်းကျွမ်း ကျင်မှုမရှိသောကြောင့် ကျေးရွာတွင်း၌သာ လုပ်ကိုင်ကြပြီးအသက်မွေးဝမ်းကြောင်းအနေဖြင့် လုပ်ကိုင်ကြ ခြင်းမဟုတ်ဘဲ တစ်ခါတစ်ရံသာ ပြုလုပ်ကြပါသည်။ နေ့စားအလုပ်သမား (၁၀) ဦးခန့်ရှိပြီး သနပ်ဖက် လုပ်ငန်းပြီးချိန်တွင် မိုင်းပွန်ကျေးရွာသို့ သွားရောက်၍ စပါးရိတ်ခြင်း၊ ပဲခူးခြင်းလုပ်ကိုင်ကြပါသည်။ အမြဲတမ်းလုပ်ကိုင်ကြခြင်းမဟုတ်ပါ။ ဝမ်းစာဖူလုံမှု အထောက်အကူဖြစ်စေရန် တစ်ခါတစ်ရံသာလုပ်ကိုင်ကြ ခြင်းဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးများလုပ်ငန်းခွင်သို့ အတူတကွသွားရောက်လုပ်ကိုင် ကြပါသည်။ လူငယ်များသည် အိမ်နီးချင်း ထိုင်းနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။

(၁.၃) သဘာဝ အရင်းအမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၂ ဧက	သင့်	မရ	မိုးရေ
သနပ်ဖက်ခြံ	၃၂၁ ဧက	သင့်	မရ	မိုးရေ
အိမ်ခြံဝင်းစိုက်ခင်း	၁၆ ဧက	ကောင်း	မရ	မိုးရေ
သစ်တောစိုက်ခင်း	၁၀ဧက	သင့်	မရ	မိုးရေ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ သနပ်ဖက်ဖြစ်ပါသည်။ အစားထိုးသီးနှံအဖြစ် သနပ်ဖက်ကို စိုက်ပျိုးလာသည်မှာ နှစ်နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ အခြားသီးနှံဖြစ်သော ပြောင်း၊ ဆန္ဒင်း၊ ပဲကြီး၊ ဂျင်း စသည် တို့ကို သီးညှပ်အဖြစ် သနပ်ဖက်ခြံထဲတွင် စိုက်ပျိုးကြပါသည်။ ဆန္ဒင်းမှာ အိမ်စားသုံးရန်အတွက် စိုက်ပျိုးခြင်း ဖြစ်ပြီး ပဲကြီးကို အနည်းငယ်ရောင်းချရန် သီးညှပ်အဖြစ် စိုက်ပျိုးခြင်းဖြစ်သည်။

လယ်လုပ်သူ အိမ်ထောင်စု (၃) စုရှိပြီး ၊ (၁၂) ဧက သာ စိုက်ပျိုးလုပ်ကိုင်ပါသည်။ ကျေးရွာ အနေထားမှာ အမြင့်ပေ ၄၀၀၀ကျော် တွင်တည်ရှိပြီး တောင်ကုန်းစောင်းတွင် ရွာတည်ထားပါသည်။ စိုက်ပျိုး ရေး အတွက်မိုးရေကိုသာအဓိကအားထား၍ သုံးစွဲကြပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု	သင့်	ရွာပတ်ဝန်းကျင်တွင် ကျောက်တောင်များရှိပြီး လမ်းခင်းရန်နှင့် အဆောက် အဦးများ ဆောက်လုပ်ရန်အတွက် အသုံးပြုနိုင်သည်။
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေး ဘက်ဝင်အပင်များ)	သင့်	လွယ်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၁.၄) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင် ဆိုင်မှု	၁၀-၂၀ဧက	၅-၁၀ဧက	၅-၃ဧက	၂ဧကအောက်
အိမ်အခြေအနေ	၂ထပ်အိမ်၊သွပ်မိုး ပျဉ်ကာ၊ပျဉ်ခင်း	၁-၂ထပ်အိမ်၊သွပ်မိုး ပျဉ်ကာ/ထရံကာ၊ ပျဉ်ခင်း/ဝါးခင်း	၁-၂ထပ်အိမ်၊သွပ်မိုး ထရံကာ၊ ဝါးခင်း	၁-ထပ်အိမ်၊သွပ်မိုး၊ထရံ ကာ၊ ဝါးခင်း/မြေစိုက်
လုပ်ငန်းသုံးကိရိ ယာပိုင်ဆိုင်မှု	လက်တွန်း-၁စီး၊ ထော်လာဂျီ၊ကျွဲ-၁၅-ကောင်	ဓားကောက်၊ ပေါက်ပြား၊ ဓါးမ၊လွှ	ပေါက်ပြား၊ဓါးမ	ပေါက်ပြား၊ဓါးမ
အခြားပိုင်ဆိုင်မှု	ဆိုင်ကယ် -၃စီး၊ ဖုန်း -၂လုံး၊ ဆိုလာ၊တီဗီ၊ စလောင်း	ဆိုင်ကယ် -၂စီး၊ ဖုန်း -၁လုံး၊ ဆိုလာ၊တီဗီ	ဆိုင်ကယ် -၁စီး၊ ဆိုလာ	ဆိုင်ကယ် -၁စီး၊ ဆိုလာ
၅၂	၁၀-အိမ်(၁၉%)	၁၄-အိမ်(၂၇%)	၁၉-အိမ်(၃၇%)	၉-အိမ်(၁၇%)

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ ရရှိသော သတင်း အချက်အလက်များ (၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၁ ၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၉	၃၂%	ကျန်ရှိသည့် (၉) လခန့်တွင် အကြွေးဝယ်ယူ၍ နောက်မှ လုပ်အားဖြင့် ပြန်ဆပ်ခြင်း။
၃ လ မှ ၅ လအထိ	၈	၂၉%	ကျန်ရှိသည့်(၇)လခန့်တွင် လုပ်အားဖြင့်ဖလှယ်ခြင်း။
၆ လ မှ ၁၂ လအထိ	၁၁	၃၉%	ကျန်ရှိသည့် (၆) လတွင် ပစ္စည်းချင်းဖလှယ်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာတွင် ချို့တဲ့သော အိမ်ထောင်စု စုစုပေါင်း (၂၈) စု ရှိ၍ (၉) အိမ်ထောင်စု မှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၈) အိမ်ထောင်စု မှာ (၃) လ နှင့် (၅) လ အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည်ကို တွေ့ရှိရသည်။ (၁၁) အိမ်ထောင်စု မှာ (၆) လ မှ (၁၂) လ အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်သည်ကို တွေ့ရပါသည်။ ယာအနည်ငယ်သာကပိုင်ဆိုင်သူများသည် ဆန်ကို အကြွေးဖြင့် ဝယ်ယူရပြီး နောက်မှ လုပ်အားဖြင့်ပြန်ဆပ်ခြင်း၊ လုပ်အားဖြင့်ဖလှယ်ခြင်း များဖြင့် ရပ်တည်ရပါသည်။ တချို့မှာ မိမိပိုင်ခြံမှ ထွက်ရှိလာသော အသီးအနှံများဖြင့် ဆန်ကို ပစ္စည်းချင်းဖလှယ်ကြရပါသည်။

(၁.၅.၂) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	-	-
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ		-	-
			အိမ်ထောင်စုအရေအတွက်	
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		-	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		-	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ		-	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်း အချက်အလက်များ (၇-၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	ဆင်းရဲသော မြေယာ အနည်းငယ်သာပိုင်ဆိုင်သူ များသည် လိုအပ်သော အာဟာရဓါတ်ကို လုံလောက်စွာ မရရှိခြင်း၊
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (စိုက်ပျိုးရေ)	မြင့်	စိုက်ပျိုးရေဆောင်းနှင့်နွေ မရရှိ။
၃	ရေကြီးခြင်း	လတ်	တခါတရံ မိုးရာသီမိုးကြီးချိန်တွင် တောင်ကျရေ အရှိန်ဟုန်ပြင်းစွာ စီးဆင်း၍ လူနှင့်တိရစ္ဆာန် အန္တရာယ်ရှိနိုင်။
၄	သစ်တောပြုန်တီးခြင်း	မြင့်	တောင်ပေါ်ရှိ စိုက်ခင်းများမှ နှစ်စဉ် တိုးချဲ့စိုက်ပျိုးမှု ကြောင့် သစ်တောများပြုန်းတီးမှုများပြားလာ။
၅	မိုးခေါင်ခြင်း	လတ်	ဝါထပ်နှစ်တိုင်းမိုးခေါင်။
၆	မုန်တိုင်း	နိမ့်	တခါတရံ လေဆင်နှာမောင်းတိုက်ခတ်
၇	မီးဘေး	လတ်	တခါတရံ ပေါ့ဆမီးလောင် ပေ(၄၀၀၀)ကျော်မြင့်သော
၈	မြေဆီလွှာပျက်ယွင်းမှု	မြင့်	တောင်စောင်းတွင်ရှိသောကြောင့် မိုးရေကြီးချိန်တွင် ရေတိုက်စားမှုဖြစ်၍ မြေဆီလွှာပျက်ယွင်းမှုဖြစ်။
၉	လမ်းပန်းဆက်သွယ်ရေးခက်ခဲ	မြင့်	လွိုင်လင်မြို့နယ်နှင့် (၂၈) မိုင်ခန့်ကွာဝေး၍ ရွာတွင်းသို့ ဝင်ရောက်ရသော လမ်းမှာကျဉ်းမြောင်းသော တောင်ပေါ်လမ်းဖြစ်၍ အကွေ့အကောက် များပြားပြီး မတ်စောက်သော တောင်တက်၊ ကြမ်းတမ်းသော တောင်ဆင်းလမ်း အတိုင်းမော်တော်ဆိုင်ကယ်ဖြင့်(၄၅) မိနစ်ခန့်သွားရ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာလူထုအနေဖြင့်စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်နှင့် သဘာဝ ဘေးကြောင့် ဖြစ်နိုင်သောအန္တရာယ်အမျိုးအစားများ (၉) မျိုးရှိပါသည်။ ဆင်းရဲသောမိသားစု အများစုသည် မြေယာ၊ ရေအရင်းအမြစ်နှင့် အခြားသောအသက်မွေးဝမ်းကျောင်း လုပ်ရန်အတွက် အခက်အခဲများကြောင့် စီးပွားရေး ထိခိုက်မှုများဖြစ်ပေါ်လာလျှင် ရပ်တည်ရန် စွမ်းဆောင်နိုင်စွမ်း မရှိသဖြင့် ထိခိုက်လွယ်သူများ ဖြစ်ကြသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	ထိုင်းနိုင်ငံသို့အလုပ်သွားရောက်လုပ်ကိုင်ကြ၊ ကျေးရွာအတွင်းနေထိုင်ရန်မလုံခြုံ၍။စက်ရုံအလုပ်ရုံများတွင် ထိခိုက်မှုကြုံတွေ့နိုင်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	မိသားစုဦးရေများသောကြောင့်ဝင်ငွေနည်းပါးခြင်း။အမျိုးသားများနှင့်တန်းတူလုပ်အားခမရခြင်း။
၃	ဆေးစွဲသူများ	မြင့်	နယ်စပ်ဒေသသို့ သွားရောက်လုပ်ကိုင်သူရှိ။ တောင်ပေါ်စိုက်ခင်း သွားရောက်လုပ်ကိုင်သူများလည်း ဖြစ်နိုင်ချေများ။
၄	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်	နယ်စပ်သွားရောက်လုပ်ကိုင်သူများရောဂါကျရောက်မှုကူးစက်မှု ဖြစ်နိုင်ခြေများ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများမှာ မိသားစုဦးရေ များပြားသည်ကို တွေ့ရပြီးမြေယာ၊ ရေအရင်းအမြစ်နှင့်အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ရန်အတွက် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများဖြစ်ပေါ်လာလျှင် ရပ်တည်ရန်စွမ်းဆောင်နိုင်စွမ်းမရှိသဖြင့် ထိခိုက်လွယ်မှုမြင့်သူများ ဖြစ်ကြသည်။ သဘာဝဘေးအန္တရာယ် ကျရောက်လာပါကလည်း ဈေးကွက်မတည်ငြိမ်ခြင်း၊ အလုပ်အကိုင် ရှားပါးခြင်းနှင့် လည်းကြုံတွေ့နိုင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာလူထုအနေဖြင့်စီးပွားရေး၊ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးကြောင့်ဖြစ်နိုင်သော အန္တရာယ်အမျိုးအစားများ (၉)မျိုးရှိပါသည်။ ၎င်းတို့ကိုအောက်တွင် ဇယားဖြင့် ဖော်ပြထားပါသည်။ ဆင်းရဲသောမိသားစုအများစုသည် မြေယာ၊ရေအရင်းအမြစ်နှင့် အခြားသော အသက်မွေးဝမ်းကျောင်း လုပ်ရန်အတွက် အခက်အခဲ များကြောင့်စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ် လာလျှင် ရပ်တည်ရန်စွမ်းဆောင်နိုင်စွမ်းမရှိသဖြင့် ထိခိုက်လွယ်သူများဖြစ်ကြသည်။

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား စီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	အုပ်ချုပ်ရေးအဖွဲ့		၃	-	၃	အုပ်ချုပ်ရေးကိစ္စရပ်များ အားမြို့နယ်ထွေ/အုပ်နှင့် ချိတ်ဆက်ဆောင်ရွက်	၅	၆
၂	ရပ်မိရပ်ဖအဖွဲ့	၂	၆	-	၆	သာရေး၊နာရေး၊ဘာသာရေး၊ လူမှုရေးကိစ္စရပ်များစီမံခန့်ခွဲရေး	၄	၆
၃	ကျောင်းကော်မတီ	၂	၁၅	-	၁၅	ကျောင်းပြုပြင်ထိန်းသိမ်းရေး၊ ဆရာ/မတည်တံ့ရေး၊ပညာရည်တိုးတက်ရေး	၄	၆
၄	ကျန်းမာရေးကော်မတီ	၂	၅	-	၅	ကာကွယ်ဆေးထိုးနှံရေး၊ဆေးခန်းပြုပြင်ထိန်းသိမ်းရေး၊ကျန်းမာရေးတိုးတက်ကောင်းမွန်လာရေး	၄	၇
၅	သမဝါယမအဖွဲ့	၁	၁၁	-	၁၁	စိုက်ပျိုးရေး၊ မွေးမြူရေး အတွက်ချေးငွေရရှိရေး	၅	၆

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်းသူ များ(၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၆	သာသနာရေး အဖွဲ့	၃	၁၀	-	၁၀	ဘာသာရေး လုပ်ငန်းများ ဆောင်ရွက်ရန်	၄	၇

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုး အစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁			
၂			

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ ရရှိသော သတင်း အချက်အလက်များ (၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ

ရပ်မိရပ်ဖအဖွဲ့ကို အဖွဲ့ဝင် ကျား (၆) ဦးဖြင့် ဖွဲ့စည်းထားပါသည်။လူငယ်များမှာ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသဖြင့် ရွာတွင်း၌ လူငယ်အနည်းစုသာရှိသဖြင့် လူငယ်အဖွဲ့မရှိပါ။ ရပ်မိရပ်ဖအဖွဲ့မှ ဦးဆောင်၍ နှစ်စဉ် ရံပုံငွေကောက်ခံပြီး ကျေးရွာ၏ သာရေးနာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စများတွင် စီမံခန့်ခွဲကြသည်။ ရံပုံငွေကို အဆင့်အလိုက် သတ်မှတ်၍ တစ်နှစ်လျှင် အဆင်ပြေသော အိမ်ထောင်စုမှာ သနပ်ဖက် (၂၅) ပိဿာ၊ အလယ်အလတ် အိမ်ထောင်စုမှာ သနပ်ဖက် (၂၀) ပိဿာ၊ အနိမ့်ဆုံး အိမ်ထောင်စုမှာ သနပ်ဖက် (၁၅) ပိဿာ ထည့်ဝင်ရပြီး ၄င်းသနပ်ဖက်များအား ရောင်းချပြီး ရရှိသော ရံပုံငွေများအား ကျောင်းကော်မတီ၊ ကျန်းမာရေးကော်မတီများသို့ ရရှိသည့် ငွေကြေးပမာဏပေါ်မူတည်၍ ခွဲဝေပေးပြီး ကျန်ရှိသည့် ရံပုံငွေကို ကျေးရွာ၏ သာရေးနာရေး၊ လူမှုရေးကိစ္စများတွင် အသုံးပြုပါသည်။ ကျေးရွာပိုင် ဘုံပစ္စည်းများဝယ်ယူခြင်း၊ လမ်း/တံတားများ ပြုပြင်ခြင်း၊ ပအိုဝ်စာပေယဉ်ကျေးမှုအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်း ခြင်း များပြုလုပ်ကြပါသည်။

ကျောင်းကော်မတီကို အုပ်စုတွင်းရှိ ရွာ (၄) ရွာစုပေါင်း၍ အဖွဲ့ဝင် ကျား(၁၅)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အုပ်စုကျောင်းဖြစ်သောကြောင့် ရံပုံငွေကို ရွာ (၄)ရွာမှ နှစ်စဉ်ထည့်ဝင်ကြရပြီး ကျောင်းကော်မတီမှ စီမံခန့်ခွဲကာ ကျောင်းအတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုပါသည်။ ထိုရံပုံငွေဖြင့် တာဝန်ကျဆရာမ များ မြို့ပေါ်သို့ သွား/လာရာ၌ ကြို/ပို့စရိတ်ပေးရခြင်း၊ ဝန်ထမ်းများ၏ စားရေး သောက်ရေး စီစဉ်ပေးခြင်း၊ ဆရာမနေသည့် အိမ်ပြုပြင်ပေးခြင်း၊ ကျောင်းပရိဘောဂ လိုအပ်ချက်များ ပြုပြင်ပေးခြင်းများတွင် အသုံးပြုကြပါသည်။ ပိုသည့် ရံပုံငွေများကို စာရင်းရှင်းတမ်းနှင့်တကွ ထားရှိပြီး နောက်တစ်နှစ်တွင် ရံပုံငွေကို လျှော့၍ကောက်ခံပါသည်။ ကျောင်းကော်မတီသည် ကျောင်းသန့်ရှင်းရေး ပြုလုပ်ရန်အတွက် ကျေးရွာများအား စီမံခန့်ခွဲပေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများ ပြုလုပ်ခြင်း၊ ကျောင်းသားစုံညီပွဲတော် များပြုလုပ်ခြင်း၊ ကျောင်းအားကစားပွဲတော်များ ပြုလုပ်ကြပါသည်။

ကျန်းမာရေးကော်မတီကို အုပ်စုတွင်းရှိ ရွာ(၄) ရွာစုပေါင်း၍ အဖွဲ့ဝင် ကျား-(၅)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အုပ်စုဆေးခန်းဖြစ်သောကြောင့် ရံပုံငွေကို ရွာ (၄) ရွာမှ နှစ်စဉ် ထည့်ဝင်ကြရပြီး ကျန်းမာရေးကော်မတီမှ စီမံခန့်ခွဲကာ ကျောင်းအတွက် လိုအပ်သည့် နေရာများတွင် အသုံးပြုပါသည်။ ထိုရန်ပုံငွေဖြင့် တာဝန်ကျဆရာမများ မြို့ပေါ်သို့ သွား/လာရာ၌ ကြို/ ပို့စရိတ်ပေးရခြင်း၊ ဝန်ထမ်းများ၏ စားရေး သောက်ရေး စီစဉ်ပေးခြင်းများ ပြုလုပ်ပေးပါသည်။ ကျန်းမာရေးကော်မတီသည် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးနှံရန်ကျေးရွာများသို့ အကြောင်းကြားပေးရခြင်း၊ ဆေးခန်းတွင် လိုအပ်သည့်အရာများ ပြုလုပ်ပေးရခြင်း၊ ဆရာမများ သွားရေး/လာရေး အဆင်ပြေစေရန် ကူညီပေးရပါသည်။

သမဝါယမအဖွဲ့ကို ယခုနှစ် ဇူလိုင်လတွင် ရွာ (၆) ရွာ စုပေါင်း၍ အဖွဲ့ဝင် ကျား (၁၁) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ကျေးရွာများမှာ အိမ်ခြေနည်းသဖြင့် စုပေါင်းဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ပါဝင်သော ကျေးရွာများမှာ ကောင်းမှုဗွာ၊ နန်းပေါ်ခမ်း၊ ကြူးစမ်းလောင်း၊ နန်းလွယ်၊ တောင်ကြီးပေး၊ သွန်ဟိုင်း ကျေးရွာများဖြစ်ပါသည်။ အသင်းသား စုစုပေါင်း (၅၈) ဦးရှိပြီး ကောင်းမှုဗွာကျေးရွာမှ (၁၁) ဦးပါဝင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် ထုတ်ချေးပေးခြင်းဖြစ်ပြီး တစ်အိမ်ထောင်စုလျှင် (၁၀၀၀၀၀) ကျပ်စီ ရရှိပါသည်။ အတိုးမှာ (၁.၅၀) ကျပ် ပေးရပါသည်။ ချေးငွေကာလမှာ (၆) လဖြစ်ပြီး ဇူလိုင်လမှ ဒီဇင်ဘာလအထိ ဖြစ်ပါသည်။ချေးငွေကာလ ပြည့်ချိန်တွင် အတိုးနှင့် အရင်းကို တပေါင်းတည်းပေးဆပ်ရမည် ဖြစ်ပါသည်။ တစ်အိမ်ထောင်လျှင်စုငွေ (၅၀၀၀) ကျပ် ထည့်ဝင်ရပါသည်။ (၅) နှစ်စီမံကိန်း ဖြစ်ပြီး နောက်ပိုင်းတွင် မိမိတို့စုဆောင်းငွေများဖြင့် လည်ပတ်လာနိုင်မည်ဖြစ်ပါသည်။

သာသနာရေးအဖွဲ့ရှိပြီး ကျား(၁၀) ဦးမှ လစဉ်အလှည့်ကျ လုပ်ကိုင်ကြရပါသည်။ သာသနာရေးအဖွဲ့သည် ဟိုပုံးမြို့နယ် ထန်ဆမ်းလှိဏ်ဂူ၌ သီတင်းသုံးတော်မူသော ထန်ဆမ်းကိုရင်လေး ကျောင်းသို့ လစဉ်(သို့)

၂-လတစ်ကြိမ် သွားရောက်ကာ ဘုရားတည်၊ ကျောင်းဆောက်ခြင်းလုပ်ငန်းများအတွက် ကျောက်ခွဲခြင်း၊ သဲသယ်ခြင်းလုပ်ငန်းများ၌ လုပ်အားဒါနများဖြင့် ပါဝင်ဆောင်ရွက်ကြပါသည်။

အဖွဲ့အစည်းများမှာစနစ်တကျဖွဲ့စည်းထားခြင်းမရှိပါ။ အမျိုးသားများသာပါဝင်ပြီး အမျိုးသမီးများ လုံးဝမပါဝင်ပါ။ စည်းမျဉ်းစည်းကမ်းများရေးဆွဲထားခြင်းမရှိပါ။ မှတ်တမ်းရေးသွင်းခြင်း၊ စာရင်းများ ရေးသွင်းရာတွင် စနစ်တကျမရှိပါ။ ထို့ကြောင့်အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း၊ ငွေရေးကြေးရေး ဆိုင်ရာစီမံခန့်ခွဲမှု သင်တန်း၊ စာရင်းရေးသွင်းနည်းသင်တန်းများ လိုအပ်လျက်ရှိပါသည်။

(၂.၂) စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင် သည့်ဧက)
လယ်မြေ	၁၂ ဧက	သင့်	မရ	မိုးရေ
သနပ်ဖက်ခြံ	၃၂၁ ဧက	သင့်	မရ	မိုးရေ
အိမ်ခြံဝင်း စိုက်ခင်း	၁၆ ဧက	ကောင်း	မရ	မိုးရေ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
-	-	-	-	-

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၂.၁.၃) အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
သနပ်ဖက်	၃၂၁	ပိဿာ	၂၀၀	၂၈၀	၂၅၀	နှစ်ရှည်ပင်ဝါခေါင်းလစစိုက်	မြင့်	မြင့် ဈေးနှုန်း တစ်နှစ် နှင့် တစ်နှစ်မတူ	သနပ်ဖက်ဝါခေါင်းလစစိုက်စိုက်ပြီး(၃)နှစ်ကြာမှစတင်ခူးပြီး ဝင်ငွေရရှိပါသည်၊အမြဲတမ်းပြုပြင်ပေးပါကနှစ်ပေါင်းများစွာရရှိနိုင် ပါသည်။
လယ်	၁၂	ဧက	၅၅	၆၅	၆၀	ဝါဆိုစစိုက်တန်ဆောင်မုန်းရ	မြင့်	လတ်	ပုလဲသွယ်မျိုးနည်းစနစ်မျိုးပြောင်းရန်လို
ပြောင်း	၃၁.၅	ဧက							ယခုနှစ်မှစစိုက်၍ထွက်နှုန်းမသိပါ
ဆန္ဒင်း	၂၈.၅	ဧက	အိုး ၂၄၀ ပိဿာ	၂၈၀	၂၆၀	ကဆုန်စစိုက် ပြာသိုရ	နိမ့်	လတ်	စစစသုံးလုံမျိုးသနပ်ဖက်ခြံသီးညှပ်စိုက်
ပဲကြီး	၂၅	ဧက	၈၀ ပိဿာ	၁၁၀	၉၀	ကဆုန်စစိုက် သီတင်းကျွတ်ရ	နိမ့်	လတ်	သနပ်ဖက်ခြံသီးညှပ်စိုက်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

အဓိကစိုက်ပျိုးသီးနှံမှာသနပ်ဖက်ဖြစ်ပါသည်။ အိမ်ထောင်စုတိုင်းနီးပါး သနပ်ဖက် စိုက်ပျိုးကြပါသည်။ ယခင်တစ်ဧကလျှင် အပင် (၂၅၀၀) ကျော်ရှိပြီးပျှမ်းမျှ (၂၅၀) ပိသာထွက်ရှိပါသည်။ သနပ်ဖက်ရောင်းချရန် လုပ်ဆောင်ရသည်မှာ အဆင့်ဆင့်ဖြစ်ပါသည်။ နေ့ညမအား အိမ်တွင်း၌ လူတိုင်းသနပ်ဖက်ခူးခြင်း၊ သနပ်ဖက်လှော်ခြင်း၊ အရွက်ခွာခြင်း (၃)လ ဆက်တိုက်နေ့ညမအား လုပ်ဆောင်ကြရသော လုပ်ငန်းဖြစ်ပါသည်။ တစ်ကြိမ်စိုက်ပြီး နှစ်ပေါင်းများစွာ အသုံးပြုရပါသည်။ တစ်ဧကလျှင် ကုန်ကျငွေ (၅၆၃၅၀၀) ကုန်ကျပြီး ဈေးကွက်အနေအထားအရ တစ်ပိသာ (၃၀၀၀) ကျပ် နှုန်းဖြင့် အမြတ်ငွေ (၂၈၆၅၀၀) ကျပ် ရရှိပါသည်။

ဒေသအနေအထားအရ မိရိုးဖလာဖိုးဖွားလက်ထက်ကတည်းက စိုက်ပျိုးခဲ့ကြခြင်းဖြစ်၍ (၁၂) လ ရာသီလုံး သနပ်ဖက်ရှိနေပါသည်။ ယခုအခါတွင် အစားထိုးသီးနှံအနေဖြင့် ပြန်လည်လုပ်ကိုင်လာခဲ့ခြင်းဖြစ်သည်။ အားလပ်ချိန်မရှိ အလုပ်ဆက်တိုက်လုပ်ကိုင်နေကြရပါသည်။ သနပ်ဖက်ထွက်ရှိချိန်ပို၍ အလုပ်များပါသည်။ သဘာဝပါတ်ဝန်းကျင် ထိခိုက်သောလုပ်ငန်းလည်းဖြစ်ပါသည်။ ထင်းကို အဓိကထား၍ လုပ်ကိုင်ကြရပါသည်။ ၄င်းအား အစားထိုးသီးနှံစိုက်ပျိုးရန် အမျိုးကောင်းနှစ်ရှည်ပင်များ၊ ဒေသနှင့် ကိုက်ညီသော သီးနှံများ၊ ဈေးကွက်ဝင်သောသီးနှံပင်များ စိုက်ပျိုးသင့်ပါသည်။ နည်းပညာများ၊ နည်းစနစ်များ၊ ဆက်သွယ်ဆောင်ရွက်မှုများ ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

၄င်းသနပ်ဖက်ခြံထဲ တွင် ပြောင်း၊ ဆန္ဒင်း၊ ပဲကြီး တို့ကို သီးညှပ် စိုက်ပျိုးပြီး အိမ်စားသုံးရန် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပါသည်။ နှစ်ရှည်ပင်အဖြစ် သရက်၊ မာလာကာ၊ သဘော်သီး၊ ပင်မဲ့ငှက်ပျောပင် တို့ကို အိမ်စားသုံးရန် အနည်းငယ်စိုက်ပျိုး ထားပါသည်။ ပြောင်းသီးနှံအားယခုနှစ်တွင် စမ်းသပ်စိုက်ပျိုးကြပြီး ဆန္ဒင်းစိုက်ပျိုးခြင်းနှစ်တိုင်း စိုက်ပျိုးကြပါသည်။ ပဲကြီး စိုက်ပျိုးခြင်း(၃) နှစ်တစ်ကြိမ် စိုက်ပျိုးပါ သည်။

ပြောင်း

ပြောင်းမျိုးမှာတရုတ် CP 888 မျိုးကိုစိုက်ပျိုးကြပြီး၊ တရုတ်မြေသြဇာ ကိုသုံးကြပါသည်။ သနပ်ဖက်ခြံထဲတွင် သီးညှပ်စိုက်ပျိုးခြင်းဖြစ်သည်။ ယခုနှစ်မှ စတင်၍ စိုက်ပျိုးခြင်းဖြစ်ပြီး ထွက်နှုန်းမသိသေးပါ။

အကြံပြုချက်

သနပ်ဖက်သည် ရွက်စားပိုးများသဖြင့် အကြိမ်ကြိမ် ပိုးသတ်ဆေးဖြန်းရပါသည်။ နေအိမ်နှင့် စိုက်ခင်းအလွန်နီးပါသဖြင့် အန္တရာယ်ရှိပါသည်။ အပြင်းစား ပိုးသတ်ဆေးသုံးစွဲရပါသည်။ ဆေးမဖြန်းနိုင်ပါက ဈေးကွက်မဝင်နိုင်ဟု သိရပါသည်။ စိုက်ပျိုးသီးနှံအတွက် အကုန်ကျသက်သာပြီး အမြတ်များများရသော သီးနှံများ၊ ကုန်ဈေးနှုန်း တည်ငြိမ်သော သီးနှံများ၊ စနစ်ကျသော တောင်စောင်းလှေထစ်စိုက်ခင်းများ၊ ထွက်နှုန်းကောင်းသော မျိုးများ၊ သဘာဝပါတ် ဝန်းကျင်ကိုမထိခိုက်ဘဲ မြေဆီလွှာမပျက်စီးသောစိုက်ခင်းများ၊ လက်လှမ်းမှီအောင် ချိတ်ဆက်ဆောင်ရွက် ဆက်သွယ်ပေးနိုင်သောအခြေအနေကောင်းများ ဖန်တီးပေးနိုင်ပါက တောင်ပေါ်ဒေသ၏ စိုက်ပျိုး လုပ်ကိုင်မှုများသည် သဘာဝပါတ်ဝန်းကျင်ကို မပျက်ဆီးဘဲ၊ ခါတုပိုးသတ်ဆေးများ အလွန်အကျွံမသုံးရဘဲ၊ သားစဉ်မြေးဆက် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်၍ ရေရှည်တည်တံ့အောင် ထိန်းသိမ်းထား နိုင်မည်ဖြစ်သည်။ ကျေးရွာ၏အနေအထားအရ နှစ်ရှည်သီးပင်များကို ဥယျဉ်ခြံ စိုက်ပျိုးရန်ကောင်းမွန်သော မြေအနေအထားနှင့်ရာသီဥတုကို ပိုင်ဆိုင်ထားပါသည်။ ကော်ဖီ ၊

ဒညင်း၊ သံပုရာ ၊ ရှောက်ချိုသီး၊ သရက်၊ လိမ္မော်သီး၊ လက်ဖက် တို့ကို ဥယျဉ်ခြံအဖြစ်စိုက်ပျိုး လုပ်ကိုင်လျှင် ပို၍ အဆင်ပြေလာနိုင်ပါမည်။ သီးနှံများစွာထွက်ရှိပါက မိုင်းပွန်မြို့အထိ ထော်လာဂျီဖြင့်သယ်ယူပြီး နယ်စပ်မယ်ဆိုင်မှတဆင့် တရုတ်နိုင်ငံထိ တင်ပို့နိုင်ပါသည်။ တောင်ကြီး မိတ္ထီလာအထိ လည်းတင်ပို့ရောင်းချနိုင်ပါသည်။

(၂.၂.၁.၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား(၁၅)ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရှာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၂	-	ပုဂ္ဂလိက

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာတွင်းရှိလယ်သမားများ၏ကိုယ်ပိုင်လယ်ယာသုံးပစ္စည်းများမှာ-

(က) လက်တွန်းထွန်စက်(၂)စီး၊

လက်တွန်းထွန်စက် (၂) စီး ကို အိမ်ထောင်စု (၂) စုက ပိုင်ဆိုင်ပြီး လယ်လုပ်ရန်အတွက် အသုံးပြုကြပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၆)သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩ	ရှိ	မြေဆီဩ အသင့်အတင့်ရှိ
သဘာဝမြေဆွေး	ရှိ	သဘာဝသစ်ရွက်ဆွေးမြေဩ ရရှိ။
ချေးငွေရရှိမှု	ရှိ	သမဝါယမဦးစီးဌာန။
သွင်းအားစုဈေးကွက်	ရှိ	သနပ်ဖက်ပွဲစားထံတွင် အချို့စိုက်ပျိုးသူများငွေကြိုတင်ယူကြ။
ဝန်ဆောင်မှုဈေးကွက်	ရှိ	မိုင်းပွန်ဈေးတွင်ဝယ်ယူရရှိ နိုင်။
နည်းပညာအကူအညီနှင့်နည်းလမ်းများ	ရှိ	စိုက်ပျိုးရေးဌာနဆက်သွယ်မှုရှိ။
